http://www.dhammadownload.com

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထား အဲဒါ ဗုဒ္ဓဘုရားရှင်ရဲ့ဆုံးမစကား

ပန်းချီ ဂျာနယ် စီစဉ်ရေးဆွဲသည့်

ရွှေမောင်

ဓမ္မ ရသ သုတ ရှုမ်းစုံ

ဆေးရောင်စုံရုပ်ပြ

No.10 April , 2012

Shwe Moung Colourful Mini Comic

နတ်ပြည်မှ ထပ်တူသည့် ပိစိကြွေးနှင့် ဘုတ်အိမ ပါဝင်သည်

သူတစ်ပါးကို ထမင်းချက်ကျွေး ရေခပ်ပေးသူဟာ
ထမင်းမငတ် ရေမငတ်သလို--
သူတစ်ပါးကို လိမ္မာအောင် စောင့်ရှောက်သူနှင့်
ဉာဏ် ပညာ တိုးအောင် လုပ်ပေးသူ ဟာလည်း
အောက်ကျ နောက်ကျ ဘယ်တော့မှမဖြစ်နိုင်ဘူး။
မဟာဇန္ဓာရံဆရာတော် အရှင်ဇနကာဘိဝံသ



http://www.dhammadownload.com



Cyan Magenta Yellow Black

http://www.dhammadownload.com

မကြာမီမှာပင်--သူတို့မောင်နှမ ၏ လုပ်အားဖြင့်
ပြုပြင်မှုကြောင့် ဘုန်းကြီးကျောင်း အဝင်လမ်းကလေးမှာ
ချိုင့်၊ ဗွက်၊ ခလုတ် များကင်းလျှက် ချောမွေ့သောလမ်း
ကလေးဖြစ်သွားလေပြီ။

ချောမွေ့နေသည့်လမ်းကလေးကို
ကြည့်ရင်း--သူတို့မောင်နှမ
ကြည်နူးစွာ--ပီတိဖြစ်နေစဉ်--

ဘုန်းဘုန်း--ဘုရား--
တပည့်တော် တို့ကို ခုနတုန်းကပြောတဲ့
"နတ်"ဆိုတာ ဘယ်လိုလဲ
သိချင်လို့--

ဒကာလေး--"ပိစိကွေး"တို့
ဒီအပင်ရိပ်မှာလာနားကြ--ရော့--ဒီမှာ
အဆာပြေ မုန့်လုံးရေပေါ်တွေ
စားကြဦး--

"ဘုတ်အိမ"ကတော့ လှုပ်ရှားလိုက်ရသဖြင့်
ဗိုက်ဆာနေပြီလေ။ ထို့ကြောင့် မုန့်လုံးရေပေါ်
ကို ပလုပ်ပလောင်းစားနေ၏။ "ပိစိကွေး"က
မုန့်လုံးရေပေါ် ကို တစ်လုံးချင်း စားနေရာမှ--

အင်း--ဟုတ်တာပေါ့--
ငရဲ--တို့---ပြိတ္တာတို့အကြောင်း ပြောပြခဲ့ဖူးပေမယ့်
နတ်၊ ဗြဟ္မာတွေအကြောင်း မပြောပြရသေးဘူးဆိုတော့
ဒီနေ့--"နတ်"တွေအကြောင်း ပြောပြရတာပေါ့

"နတ်"ဆိုတာ--မပြောခင်
ဟောဒီလောကမှာရှိတဲ့(၃၁)ဘုံအကြောင်း
အရင်ပြောပြမှဖြစ်မယ်--

ဟောဒီလောကကြီးမှာ--လူဘုံ၊နတ်ဘုံ၊ဗြဟ္မာဘုံ၊
ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ စသည်ဖြင့် သတ္တဝါတွေ
ဘဝသံသရာ ကျင်လည်နေရတဲ့ (၃၁)ဘုံဆိုတာရှိတယ်
ဒကာလေးတို့နားလည်လှယ်အောင်--ဟောဒီမှာ
ဇယားပုံလေးရှိတယ်--

http://www.dhammadownload.com

(၃၁)ဘုံ

ဖြဟ္မာဘုံ(၂၀)

နတ်ဘုံ(၆)ဘုံ

လူ့ဘုံ

အပါယ်(၄)ဘုံ
ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ၊

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့
အပါယ်လေးဘုံကို "ဒုဂ္ဂတိဘုံဘဝ" လို့ပြောကြတယ်
မြန်မာလိုပြောရရင် "ဆိုးဝါးယုတ်ညံ့ပြီး ကောင်းတာမရှိတဲ့ဘုံဘဝ"
လို့ မှတ်ထားကြပေါ့--နော်

"ကောင်းမှုနှင့်မြင့်မြတ်တဲ့ဘုံ ဘဝ" တွေကိုတော့
"သုဂတိဘုံ ဘဝ" လို့ပြောကြတယ်လေ--အပါယ်လေးဘုံကလွဲလို့
ကျန်တဲ့(၂၇)ဘုံ ဘဝတွေကို "သုဂတိဘုံ ဘဝ" လို့
ပြောတာပေါ့--

ဒါကြောင့်--
လူတွေကွယ်လွန်တဲ့အခါ
ကောင်းရာ "သုဂတိ" ကို လားပါစေ--လို့
ဆုတောင်းပေးကြတာ--ကြားဖူးတယ်မဟုတ်လား
တကယ်တော့--ကျန်ရစ်သူတွေ က စိတ်သောက
ပြေစေတဲ့သဘောနဲ့ အခုလိုဆုတောင်းကြရုံနဲ့
သေသူက ကောင်းရာ "သုဂတိ" မရောက်နိုင်
ဘူးဆိုတာတော့ သိထားကြရမယ်
ဟုတ်ပြီလား

ကိုယ်ပြုခဲ့ဖူးတဲ့--
ကောင်းမှု "သုစရိုက်" နဲ့
မကောင်းမှု "ဒုစရိုက်" တွေရဲ့အကျိုးကြောင့်သာလျှင်
အဲဒီသူရဲ့လားရာဂတိ ဟာ အကောင်း၊ အဆိုး
ဖြစ်လာမှာပဲလို့ ဗုဒ္ဓဘုရားကဟောခဲ့တယ်--ဒါကြောင့်
"ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးတယ်" လို့ဆိုတာပေါ့
ဘယ်သူမှ--ဆုတောင်းပေးလို့မရသလို
ဘယ်လိုဖန်ဆင်းရှင်ကမှ--ဖန်ဆင်း
ကယ်တင်ပေးလို့မရဘူး--လို့
မှတ်ထားကြ--နော်

ဒကာလေးတို့နားလည်အောင်--တိုတိုရှင်းရှင်း
ပြောရမယ်ဆိုရင်--ကောင်းတာလုပ်ရင်--ကောင်းတာဖြစ်မယ်
မကောင်းတာလုပ်ရင်--မကောင်းတာဖြစ်မယ်--
ဒါဟာ--တို့ ဗုဒ္ဓဘုရားရဲ့ဆုံးမစကားတော်ပဲ

ဒီတော့--မကောင်းတာတွေလုပ်ခဲ့မိကြလို့
မကောင်းတာတွေဖြစ်ခဲ့ရတဲ့ အကြောင်းတွေကိုတော့
တော်တော်လေးပြောခဲ့ပြီးပါပြီ--ဒီနေ့တော့--အချိန်ရတုန်း
ကောင်းတာလုပ်ရင်--ကောင်းတာဖြစ်တဲ့ အကြောင်းလေး
ပြောကြတာပေါ့--

http://www.dhammadownload.com



http://www.dhammadownload.com



Cyan Magenta Yellow Black

http://www.dhammadownload.com



(၁)မိဘကိုအသက်ထက်ဆုံး လုပ်ကျွေးသည့်ကောင်းမှု၊
(၂)အသက်ထက်ဆုံး အသက်အရွယ်ကြီးရင့်အိုမင်းသူတို့အပေါ်
ရိုသေလေးစားစွာ ဆက်ဆံပြောဆိုသည့်ကောင်းမှု၊
(၃)အသက်ထက်ဆုံး သိမ်မွေ့နူးညံ့သောစကားကိုသာပြောဆိုသည့်ကောင်းမှု၊
(ဖရုသဝါစာ ဝစီဒုစရိုက် ကိုရှောင်ကျဉ်ခြင်း)
(၄)အသက်ထက်ဆုံး သူတစ်ပါးတို့အကြား ကုန်းချောရန်တိုက်သည့်စကားကို
မပြောဆိုသည့်ကောင်းမှု၊(ပိသုဏဝါစာ ဝစီဒုစရိုက်ကိုရှောင်ကျဉ်ခြင်း)
(၅)အသက်ထက်ဆုံး သူတစ်ပါးအပေါ်မနာလို ဝန်တို မှု မရှိခြင်း၊
(၆)အသက်ထက်ဆုံး ဖြောင့်မှန်သောစကားကိုသာပြောဆိုခြင်း၊
(မုသာဝါဒ ဝစီဒုစရိုက်ကို ရှောင်ကျဉ်ခြင်း)
(၇)အမျက်ဒေါသမထွက်ဘဲ အမျက်ဒေါသကို ပြေပျောက်စေခြင်း၊





http://www.dhammadownload.com



http://www.dhammadownload.com




ဒီတော့--မောင်"မယ"်လည်း အားတက်သွားတာပေါ့--ဒါနဲ့
နောက်တစ်နေ့--နံနက်စောစော ထပြီး အများသူငါ သွားလာနေတဲ့
လမ်းကို ပြုပြင်ဖို့အတွက် ပြင်ဆင်သတဲ့
ဟာ--ဒီလိုဆိုရင်
ကျေးလည်း လိုက်မယ်လေ
လုပ်အားပေးရတာပေါ့
လမ်းပြုပြင် ဖို့လိုအပ်တဲ့ ပေါက်တူးဂေါ်ပြားတူရွင်းတွေ
ထမ်းပြီး လာတဲ့ မောင်"မယ"်ကို တွေ့တဲ့ ရွာသားတစ်ယောက်က
မေးမြန်းတဲ့အခါ မောင်"မယ"်က အကျိုးအကြောင်း
ပြောပြလိုက်တာပေါ့
ဒီလိုနဲ့--မောင်"မယ"်ဟာ
သူပြုပြင်ရမယ့် လမ်းကိုမရောက်ခင် သူနဲ့အတူ
လိုက်ပြီး လုပ်အားပေးမယ့်သူ(၃၃)ယောက်
ဖြစ်လာတယ်လေ--လူအင်အား
တော်တော်တောင့်သွားပြီ
ဆိုပါတော့
သူတို့က လူအင်အားကောင်းကောင်းနဲ့
လမ်းကိုမြေဖို့ပြုပြင်လိုက်ကြတာ အချိန်တိုတိုအတွင်းမှာ
အတော်လေးပြီးသွားတယ်လေ
ဒီကိစ္စကို"မစလ"ရွာက ရွာစားကြီး
သိသွားပြီး မောင်"မယ"်အပေါ် အတော် စိတ်ဆိုး
ဒေါသဖြစ်ပါလေရောတဲ့--တကယ်တော့ ဒီကိစ္စက အများ
ကောင်းကျိုးဆောင်ရွက်တာကို ဝမ်းသာအားရ
အားပေးရမှာ မဟုတ်လား--နော်
ဘာကြောင့်--ဝမ်းမသာ တာလဲဆိုတော့
အဲဒီလမ်းကိုပြုပြင်ဖို့အတွက် သူတို့ဘုရင်မင်းကြီးထံမှာ
ဘဏ္ဍာငွေတွေ့ တောင်းဖို့ သူရည်ရွယ်ထားတာနေမှာပေါ့--နော်
အခု--မောင်"မယ"်လုပ်တာနဲ့ သူရမယ့် ဘဏ္ဍာငွေတွေ
မရတော့ဘူးမဟုတ်လား--

http://www.dhammadownload.com



http://www.dhammadownload.com




http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



Cyan Magenta Yellow Black

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



Cyan Magenta Yellow Black

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



သူတော်ကောင်းဓာတ် တရားမြတ်
လွှမ်းပတ်ကမ္ဘာတည်ပါစေ
ပန်းချီ
ဖုန်း ၀၉ ၅၀၆၀၁၀၇


http://www.dhammadownload.com

အလိုတော်ပြည့်စာပေမှ ထွက်ရှိပြီးစာအုပ်များ

ရွှေမောင်း အမှတ်စဉ် (၁)
ဇူလိုင်လ၊ ၂၀၁၁
"သြကာသ--ဟူသည်"



ရွှေမောင်း အမှတ်စဉ် (၂)
သြဂုတ်လ၊ ၂၀၁၁
"ဇရဲ--ဟူသည်"




ရွှေမောင်း အမှတ်စဉ် (၃)
စက်တင်ဘာလ၊ ၂၀၁၁
"ပြိတ္တာ--ဟူသည်"



ရွှေမောင်း အမှတ်စဉ် (၄)
အောက်တိုဘာလ၊ ၂၀၁၁
"ကာယခုစရိုက်--ဟူသည်"




ရွှေမောင်း အမှတ်စဉ် (၅)
နိဝင်ဘာလ၊ ၂၀၁၁
"ဝစီခုစရိုက်--ဟူသည်"




ရွှေမောင်း အမှတ်စဉ် (၆)
ဒီဇင်ဘာလ၊ ၂၀၁၁
"မနောခုစရိုက်--ဟူသည်"



ရွှေမောင်း အမှတ်စဉ် (၇)
ဇန်နဝါရီလ၊ ၂၀၁၂
"ကောသလမင်းကြီး၏ အိပ်မက်(၁၆)ချက်"



ရွှေမောင်း အမှတ်စဉ် (၈)
ဖေဖော်ဝါရီလ၊ ၂၀၁၂
"နှစ်ကျိပ်ရှစ်ဆူ--ဟူသည်"
(ပထမပိုင်း)



ရွှေမောင်း အမှတ်စဉ် (၉)
မတ်လ၊ ၂၀၁၂
"နှစ်ကျိပ်ရှစ်ဆူ--ဟူသည်"
(ဒုတိယပိုင်း)



ရွှေမောင်း အမှတ်စဉ် (၁၀)
ဧပြီလ၊ ၂၀၁၂
"နတ်ပြည်(၆)ထပ်--ဟူသည်"



ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း ၊ ၂၀၁၂

ဒွိဝ(၁၀)ဘဝဝတ္ထုစဉ်း "ငါ--ဂုဝ(၀၀)စည်းဖြစ်ပါသည်"

ငါ့ကိုယ်ငါ ဘဝတစ်ခုအတွင်း ဘယ်နှစ်ကြိမ်လောက် သေဖူးသလဲ ဆိုတာ ကိုယ်တိုင်ပင် မသိနိုင်ပါ။ ဒီဘဝမှာ ငါ့(၀၀)ကိုယ်ပြန်ဖွဲ့ရင်း ဘယ်နှစ်ခါလောက် သေခဲ့ရသလဲ ဆိုတာ ငါ့(၀၀)ကိုယ်ပြန်ပြီးမှ သိခဲ့ရပါတယ်။

လပေး မှာယူလိုသူများ အတွက် ဖော်ပြပါနှုန်းအတိုင်း ငွေကြိုသွင်းစနစ်ဖြင့်မှာယူပါက (ရန်ကုန်မြို့တွင်း)အိမ်အရောက် ပို့ပေးပါမည်။ နယ်/ရပ်ဝေးမှ မှာယူလိုပါက စာအုပ်အတွက်ကျသင့်ငွေအပြင် စာတိုက်မှ စာပို့ခ(သို့)ကား/ရထား/သင်္ဘော်/လေယာဉ်ဖြင့် ပို့ဆောင်ခ ကိုပါ စာတိုက်မှငွေကြိုပို့ပေးရပါမည်။

၆ လစာ(၆ အုပ်)အတွက်	၃၀၀၀ ကျပ်
၁၂ လစာ(၁၂ အုပ်)အတွက်	၆၀၀၀ ကျပ်

ရန်ကုန် နှင့် နယ်မြို့များမှ ကိုယ်စားလှယ်ယူလိုသူများဆက်သွယ်ရန်--

မြို့နယ်အလိုက် ကိုယ်စားလှယ်အဖြစ် ဖြန့်ချိလိုသူများ၊ ဓမ္မစာပေ ယဉ်ကျေးမှုဆိုင်ရာ သင်တန်းများ တွင် ကိုယ်စားလှယ်အဖြစ်ဖြန့်ချိလိုသူများကို ကိုယ်စားလှယ်နှုန်းဖြင့်ဖြန့်ချိပေးမည်ဖြစ်ပါ၍ "အလိုတော်ပြည့်စာပေ"သို့ အမြန်ဆုံးဆက်သွယ်ကြပါရန်။

အထူးအစီအစဉ်

ရွှေမောင်း ဓမ္မရသသုတ ရုပ်စုံ ကို စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ မှ အလိုရှိပါလျှင် အထူးနှုန်းဖြင့် ဈေးနှုန်းလျှော့ကာ ရောင်းချပေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ စောင်ရေ(၁၀၀)နှင့် အထက် "ဓမ္မဒါန"ပြုလိုသူများအတွက် အလှူရှင်အမည် ကို ထည့်သွင်းပုံနှိပ်ပေးမည်ဖြစ်ပြီး (ရန်ကုန်မြို့တွင်း)မှာယူသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။ အနယ်နယ်အရပ်ရပ် မှ မှာယူလိုသူများကို စောင်ရေ (၁၀၀) အထက်မှာယူလျှင် ပို့ဆောင်ခ အပါအဝင် စာအုပ်တန်ဖိုးကို ကြိုတင်ငွေပို့ စနစ်ဖြင့်မှာယူနိုင်ပါသည်။

ငွေကြိုတင်ပို့ခြင်းအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်(ရွှေဗဟိုပလာဇာ)တာမွေဘဏ်ခွဲ ။ M.O.B (တာမွေ မဂ်လာဈေး ဘဏ်ခွဲ) ။ ကမ္ဘောဇဘဏ်(တာမွေ မဂ်လာဈေး ဘဏ်ခွဲ) သို့ "ငွေလွှဲ" ပေးပို့နိုင်ပြီး ငွေလွှဲပေးပို့ခြင်းအား "အလိုတော်ပြည့်စာပေ" ဦးစီးပိုင်၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၅၇၀၉၇ ။ ဒေါ်မြင့်မေ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၄၂၁၉၅ ။ ဖုန်း ၀၉ ၇၃၀ ၅၄၇၅ ။ ၀၉ ၅၀၆၀၁၀၇ သို့ ဆက်သွယ်ပေးပို့စေလိုပါသည်။

အထူးသတိပြုရန်မှာ စာအုပ်မှာကြားသည့်အခါ ပေးပို့ရမည့်လိပ်စာ အပြည့်အစုံ နှင့် ပေးပို့ရမည့် စာအုပ်အမှတ်စဉ် ကို ဖော်ပြပေးရမည်ဖြစ်ပါသည်။

ပြည်လုံးကျွတ်ဖြန့်ချိရေး

အလိုတော်ပြည့် စာပေ

အမှတ်(၂၇)-၅လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၇၅ ။

တန်ဖိုး ၅၀၀ ကျပ်

ထုတ်ဝေသူ ဦးဟန်စိန်၊ ကျိတော်လစဉ်၊ ဝ၄၁ ၂၇၊ အတွင်း နှင့် မျက်နှာဖုံး ပုံနှိပ်သူ ဒေါ်ခင်စီ(၀၁၄၀၀)မေတ္တာမိုးပုံနှိပ်တိုက်၊ ၂၀၁၂ ၊ ဧပြီလ ၊ ပထမအကြိမ် ၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး (၅၀၀)ကျပ်။

Cyan Magenta Yellow Black